သိမ်ကန်ကျေးရွာ

ဝေါမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၂၄_၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သိမ်ကန်ကျေးရွာ

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၄ခုနှစ်၊စက်တင်ဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	သိမ်ကန်ကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ဝေါမြို့နယ်	၄
	သိမ်ကန်ကျေးရွာ ကျေးရွာ ရာသီခွင်ပြပြကွဒိန် ဝေါမြို့နယ်	၅
	သိမ်ကန်ကျေးရွာ အဖွဲ့အစည်းချိတ်ဆက်ပြပုံ ဝေါမြို့နယ်	၆
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၇
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၇
၃။	**ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**	၇-၈
၄။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၈
၅။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၈
	(က) သီးနှံ စိုက်ပျိုးရေး	၈-၉
	(ခ) မွေးမြူရေးလုပ်ငန်း	၉
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၉
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၉-၁၀
၆။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၁၀
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၁၀
	(ခ) ကျေးရွာ မီးလင်းရေး	၁၀
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၀
၇။	**ပညာရေး**	၁၀
၈။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၀-၁၁
၉။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၁
၁၀။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၂
၁၁။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၃
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက်များ	
	နောက်ဆက်တွဲ(၅)အကောင်ထည်ဖော်ဆောင်ရွက်မည့် ကာလသတ်မှတ်ခြင်း	
	နောက်ဆက်တွဲ (၆) စီမံကိန်းအဆိုပြုလွှာ။	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၄-၂၀၂၅ ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၈-၂၀၂၉ ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာ များမှရယူရန်လိုအပ်ကြောင်း ကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။


ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေး စီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဓာတ် စသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

စက်တင်ဘာလ၊ ၂၀၂၄ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
သိမ်ကန်ကျေးရွာ
ဝေါမြို့နယ်


ဝေမြို့နယ်၊ ညောင်ကိုင်းအုပ်စု၊ သိမ်ကန်ကျေးရွာ၏သယံဇာတပြမြေပုံ



ဝေါမြို့နယ်၊ ညောင်ကိုင်းအုပ်စု၊ သိမ်ကန်ကျေးရွာ၏ရာသီခွင်ပြ-ပြကွဒိန်



ဝေါမြို့နယ်၊ ညောင်ကိုင်းအုပ်စု၊ သိမ်ကန်ကျေးရွာ၏ အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုပြပုံ



၁။ တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

သိမ်ကန်ကျေးရွာသည် ပဲခူးတိုင်းဒေသကြီး၊ဝေါမြို့နယ်မှအရှေ့ဘက်မှ ၇ မိုင်၊ ရန်ကုန်_မော်လမြိုင် လမ်းဘေးဆပ်သွားခြံကျေးရွာမှ ၁မိုင်ခွဲ၊ မော်လမြိုင်-မန္တလေး ကတ္တရာလမ်းမှ ၂ မိုင် ဝေးပြီး ဆက်သွယ်ရေးလမ်းများမှာ ကွန်ကရစ်နှင့်ကတ္တရာလမ်းဖြစ်၍ ဆက်သွယ်သွားလာမှု ကောင်းမွန်သော ကျေးရွာဖြစ်ပါသည်။

သိမ်ကန်ကျေးရွာအရှေ့တောင်ဘက်တွင် (၇) မိုင် ဝေးသောတောင်တန်း၊ အရှေ့ဘက်တွင် ခမုံ စစ်တောင်းတူးမြောင်း၊ တောင်ဘက်တွင် ၃၇မိုင်ရှည်သော ပဲခူးစစ်တောင်းတူးမြောင်းရှိပြီး တစ်နှစ်လုံး ရေမခန်းသဖြင့် 21°C မှ 25°C အထိသာပျမ်းမျှပူ၍ မိုးရေချိန်မှာ ၆၀% မှ ၇၀% ကြားရှိသောကြောင့် အပူ အအေးမျှတနေသောဒေသဖြစ်ပါသည်။

သိမ်ကန်ကျေးရွာသည် မြေပြန့်သောင်ထွန်းမြေဖြစ်၍ လယ်ယာစိုက်ပျိုးမှုနှင့် မြစ်ချောင်းများ နံဘေးတွင်တည်ရှိနေသောကြောင့် ရေလုပ်ငန်းဖြင့် လည်းကောင်း၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်သောကြောင့် ကယ်ရီလုပ်အသက်မွေးလုပ်ကိုင်စားသောက်ကြပါသည်။

၂။ သဘာဝ အရင်းအမြစ်များ

သိမ်ကန်ကျေးရွာတွင် တောင်သူလယ်သမား (၄၀)ဦး(လယ်ခွဲမပါ) ရေလုပ်ငန်း ၊ ကုန်သည်၊ စျေးရောင်းစျေးဝယ်၊ လက်မှုပညာရှင်၊ ဆိုင်ကယ်၊ကယ်ရီ၊ ကားလိုင်း၊ လက်လုပ်လက်စား၊ ကျဘမ်း၊ အသိပညာရှင်(ဆရာ/ဆရာမဝန်ထမ်း) အတတ်ပညာရှင် (ပန်းရံ/လက်သမား) အများဆုံး နေထိုင်ကြပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

သိမ်ကန်ကျေးရွာတွင် တောင်သူဦးရေ(၄၀)ယောက်(ထပ်ခွဲပါ) လယ်မြေက (၃၀၅)ကျော် ပိုင်ဆိုင်ထားသော်လည်း တကယ်လုပ်နိုင်ဧက(၃၀၅)ကျော်သာဖြစ်ပါသည်။ ကားလုပ်ငန်းရှင် (၁၀)ဦး၊ ကုန်ခြောက်ကုန်စိမ်း(၅)ဆိုင် ပန်းရံလက်သမား(၁၅)ဦး အသိပညာရှင်(၅)ဦး၊ ရေလုပ်ငန်း (၂၀)ဦး၊ အခြားအစိုးရဝန်ထမ်း (၅)ဦး၊ လူငှား(၁၅)ကျော် ကျဘမ်းလုပ်သား(၃၀)ကျော်တို့သည် စားဝတ်နေရေး အတွက် လုပ်ကိုင်စားသောက်နေကြပါသည်။

သိမ်ကန်ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်သောလယ်သမားများရှိခဲ့သော်လည်း လယ်ယာပိုင်ဆိုင်မှုနည်း၍ အရင်းအနှီးစိုက်ထုတ်နိုင်မှုမရှိသည့်အတွက် မိသားစုဝင်များသောကြောင့် ဝင်ငွေနှင့်ထွက်ငွေမျှတမှု မရှိခဲ့ပါ။

အသိပညာရှင်များမှာလစာဝင်ငွေနည်းပါးခြင်း အတတ်ပညာရှင်များ၏ တနေတာလုပ်အားခ ငွေ သည် ၁၀၀၀၀/- မှ ၈၀၀၀/- သာရရှိ၍ မိသားစုများခြင်း ကုန်စျေးနှုန်းမြင့်မားသောကြောင့် အပိုဆု ဆောင်းငွေမရှိခဲ့ပါ။ ကျဘမ်းလုပ်သားများတနေတာလုပ်အားခသည် ၁၀၀၀၀/-၊ ၈၀၀၀/-၊

၆၀၀၀/- စသည်ဖြင့်ပုံမှန်မရှိသလို နေ့စဉ်လည်းအလုပ်မရှိခဲ့ပါ။ ကုန်ဈေးနှုန်းမြင့်မားမှုကြောင့် မိသားစုစားဝတ် နေရေးပင်ပြေလည်မှုမရှိခဲ့ပါ။

တစ်နိုင်ငံလုံးအတိုင်းအတာအရလုပ်ငန်းပိုင်ရှင်များ ဈေးဆိုင်များ၊ ကားပိုင်ရှင်များ၊ ဆိုင်ကယ်ကယ်ရီသမားများ၊ တောင်သူဦးကြီးများတို့သည် အထွေထွေအလုပ်သမားများပေါ် မူတည်နေ၍ လယ်သမားအများစုနှင့် လုပ်သားပြည်သူ အများစီးပွားရေးကျဆင်းမှုကြောင့် လုပ်ငန်းရှင်များလည်း အများနည်းတူ အကျိုးတူခံစားခွင့်နည်းပါးကြပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

သိမ်ကန်ကျေးရွာတွင်အဖွဲ့(၅)ဖွဲ့ကို အုပ်ချုပ်ရေးထောက်ကူအဖွဲ့မှ ဦးဆောင်ဖွဲ့ထားပြီး ကဏ္ဍအသီးသီးကို ချိတ်ဆက်လုပ်ဆောင်လျက်ရှိခဲ့ပါသည်။ (၁)ပညာရေးအဖွဲ့ (၂)ဘာသာရေးအဖွဲ့ (၃) ပရဟိတအဖွဲ့ (၄)လယ်စီအဖွဲ့ (၅)ရပ်မိရပ်ဖအဖွဲ့ဟူ၍ (၅)ဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။

ကျေးရွာအတွင်းဖြစ်လာသော လူမှုရေး၊ဘာသာရေးနှင့် လူထိန်းကြောင်းရေးများကို အထက်ပါ အဖွဲ့အစည်းတွင်ပါဝင်သော အုပ်ချုပ်ရေးအထောက် အကူအဖွဲ့ဝင်လူကြီးများ လက်တွဲညီညီဟန်ချက်ကျကျ လုပ်ကိုင်ဆောင်ရွက်သွားကြပါသည်။

သိမ်ကန်ကျေးရွာတွင် လယ်လုပ်သားများနှင့် အရောင်းအဝယ်သမားများ၊ကျဘမ်းအလုပ်သမားများ၊ လုပ်ငန်းတွင်လိုအပ်သည့် ငွေအရင်းအနှီးများအား မိုးဘဏ်ဆောင်ဘဏ်မှ တရားဝင်ရရှိအောင်ဆောင်ရွက် ပေးခြင်း၊ ပုဂ္ဂလိကဘဏ်များမှချေးငွေများ၊သမဘဏ်၊မြစိမ်းရောင်ဘဏ်မှ အရင်းအနှီးရရန် ဆောင်ရွက် ပေးခဲ့ပါသည်။

ကျေးရွာပြည်သူကျန်းမာရေးအတွက် ကျေးရွာတွင်းရှိ သောက်ရေကန် (၃)ကန်ရှိသည့်အနက် (၁)ကန်ကို မြို့နယ်နှင့် ချိတ်ဆက်ကာရံပြီး၊ အ.လ.က ခွဲကျောင်းရှေ့လမ်းအား ကျောင်းသူ/သားများ လုပ်သားပြည်သူများ သွားလာမှုလွယ်ကူစေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ ထောက်ပံ့မှုဖြင့် ကွန်ကရစ် လမ်းခင်းပြီး၊ ယခုအခါ ရွာတွင်းလမ်းအား ဂဝံလမ်းခင်းရန် လျှောက်ပြီးဖြစ်၍ ကျေးရွာအတွင်းဖွံ့ဖြိုးရေး ပြည်သူအများစုအလိုက် လုပ်ငန်းတိုးတက်ရေးတို့ကို လုပ်ကိုင်ဆောင်ရွက်ပေးခဲ့ပါသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

သိမ်ကန်ကျေးရွာတွင် လယ်သမားဦးရေ (၄၀)ဦး၊ လယ်ယာမြေဧက (၃၀၅)အနက် (၂၀၀)ကျော်ဧက ကိုသာ မိုးစပါးစိုက်ပျိုးပြီး နွေရာသီတွင် ဆောင်းသီးနှံ ၁၅၀ ဧက လောက်သာ ပဲဖြူ၊ မတ်ပဲ၊ ပဲဒီ၊ မြေပဲများကို စိုက်ပျိုးလုပ်ကိုင်ခဲ့ပါသည်။ ၂၀၂၂ခုနှစ်တွင် ဆောင်းရာသီ၌ သီးထပ်အဖြစ် ပြောင်းနှင့်နေကြာအား စိုက်ပျိုးရန် နိုင်ငံတော်မှမျိုးများအား

အခမဲ့ဖြန့်ဝေပေးခဲ့ပါသည်။ သို့ရာတွင် ကျွန်တော်တို့ သိမ်ကန်ကျေးရွာသည် အပူအအေး မျှတ၍ နုံးတင်မြေနုကျွန်းပေါ်ရပ်ဝန်းဖြစ်နေသည့်အတွက် အညာဒေသလို အပူချိန်နှင့် မြေရာကြိုက်သော သီးနှံဖြစ်သည့် အတွက် မဖြစ်ထွန်းခြင်းများ မရှိခဲ့ပါ။

သိမ်ကန်ကျေးရွာအတွင်းတွင် စပါးစုံတစ်ဧကပျှမ်းမျှ(၅၀)တင်း၊ မြေပဲတစ်ဥ(၃၀) တင်း၊ ပဲတီစိမ်းတစ်ဧက (၂၀)တင်း၊ ပဲဖြူ (၁)ဧက(၂၅)တင်းမှ (၃၀)တင်း ထွက်ရှိပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

သိမ်ကန်ကျေးရွာသည်တောင်မြောက်စီးဆင်းနေသော ခမုံစစ်တောင်းမြစ်ရှိနေ၍ ငါးသားပေါက်ချိန် ကုန်ငါးဖမ်းရာသီရောက်လျှင် ချောင်းအတွင်း မျောပိုက် ပိုက်ကွန်ကျား ဟုခေါ်သော ပစ္စည်းများဖြင့် အရှေ့ အနောက် တန်းနေသည့် ပဲခူး-စစ်တောင်းတူးမြောင်း အတွင်းသော်လည်းကောင်းကုန်း ပေါ်မှကွန်များဖြင့် လည်းကောင်းရှာဖွေကြရာ တံငါသည်များ လှေဦးစိုသည့်ရာသီဖြစ်၍ သားငါးများစွာရရှိ ၍ မြို့များသို့ ကားဆိုင်ကယ်များဖြင့် သွားရောက်ရောင်းချကြပါသည်။ သိမ်ကန်ကျေးရွာတွင် စီးပွားဖြစ်မွေးသော ဆိတ်၊ဘဲ၊ ဝက်များကို အသားအတွက်လည်းကောင်း တစ်နိုင်တစ်ပိုင်မွေးမြူခဲ့ကြပါသည်။ နွားများကို လယ်ယာတွင်းသုံးရန် အတွက်မွေးပြီး အိမ်မွေးမြူအဖြစ် ဝက်ကို (၆)လ တစ်ကြိမ် ထုတ် ရောင်းကြပါသည်။

တိရစ္ဆာန်ရောဂါအတွက် နိုင်ငံတော်မှ ခန့်ထားသောကျေးရွာ တိကုတစ်ဦးနှင့် သင်တန်းဆင်းဆရာ နှစ်ဦးရှိနေသောကြောင့် နွားများဖြစ်တတ်သော လျှာနာခွာနာ၊ လေးဘက်နာ၊ ဝက်နားရွက်ပြာနာ ကြက်ငှက်တုတ်ကွေးရောဂါများအား အချိန်မီကာကွယ် ကုသနိုင်ခဲ့သည့်အတွက် ရောင်းတန်းဝင်သော ကြက်၊ ဝက်၊ ဘဲ၊ ကြက်ဥများ ဝယ်လက်သို့ လွယ်ကူစွာရောင်းချနိုင်ခဲ့ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

သိမ်ကန်ကျေးရွာတွင် လယ်သမား၅၀% ကျဘမ်းလုပ်သား ၂၀% ဆိုက်ကား ကယ်ရီ ၁% ဆိုဒ်စုံကယ်ရီ ၅% ရေလုပ်သား ၁၀% ဆိုဒ်စုံလစာဝန်ထမ်း ၆% လက်သမားပန်းရံ ၅% အရောင်းအဝယ်ဆိုဒ်စုံ ၂%လုပ်ကိုင်စားသောက်နေကြပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

သိမ်ကန်ကျေးရွာတွင် တောင်သူလယ်သမားများအား လယ်ယာဖွံ့ဖြိုးတိုးတက်ရေး ဘဏ်မှ ထုတ်ချေးငွေ တစ်လအတိုး ၂% တစ်ဧကလျှင် တစ်သိန်းနှုန်းကျပ်ဖြင့် အနည်းဆုံး ၁၀ဧက (၁၀)သိန်းကျပ် ထုတ်ယူနိုင်ပါသည်။ ထုတ်ချေးငွေအား ပြန်ဆပ်ရမည့်ကာလတွင် အတိုးအရင်းပြန်ဆပ်၍ မိုးဘဏ် အဖြစ်တစ်နှစ် (၁)ကြိမ်ထုတ်ယူနိုင်ပါသည်။ လယ်သမား

များကိုလည်းကောင်း၊ အရောင်းအဝယ်သမားများကိုလည်းကောင်း၊ အလုပ်သမားများကို လည်းကောင်း၊ မြို့နယ်သမဝါယမဦးစီးဌာနမှ ၂.၅% တိုး၊ ၁.၅% အတိုးနှုန်းများဖြင့် လေးသိန်း မှ ငါးသိန်းထုတ်ချေးပြီး ခြောက်လ တစ်ကြိမ် တိုး/ရင်း ပြန်ဆပ်၍ တဖန် ထုတ်ချေးပေးခဲ့ပါသည်။

ပုဂ္ဂလိကအသေးစားငွေချေးဘဏ်များမှ တစ်လအတိုးနှုန်း ၂.၅%ဖြင့် အနည်းဆုံး ချေးငွေ ၂သိန်း မှ ၈ သိန်း၊ ၁၀သိန်း အထိ လုပ်ငန်းပေါ်မူတည်၍ ထုတ်ချေးခဲ့ပါသည်။ ပြန်ဆပ်ကာလသည် ၁၅ရက်တစ်ကြိမ် ဗုဒ္ဓဟူးနေ့တိုင်းချေးငွေ၏ ၁၀%ကိုလည်းကောင်း၊ ၅% ကိုလည်းကောင်းသွင်း၍ အတိုးအရင်း ကျပါကနောက်တဖန်ထုတ်ယူခွင့်ပေးခဲ့ပါသည်။

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

သိမ်ကန်ကျေးရွာတွင်းရှိလမ်းမှာ ဂဝံလမ်းဖြစ်ပြီး အနီးရှိရွာများနှင့် ကျေးရွာရှိ ရွာသူ/ရွာသားများမှာ တနှစ်ပတ်လုံးသွားလာအသုံးပြုကြသည်။ စက်ဘီး၊ မော်တော်ဆိုင်ကယ်၊ မော်တော်ကား၊ ထွေလာဂျီနှင့် သုံးဘီးကားတို့သွားလာ၍ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင် ကြပါသည်။

(ခ) လျှပ်စစ်စွမ်းအားဆိုင်ရာ အခြေခံအဆောက်အဦး

သိမ်ကန်ကျေးရွာတွင် လျှပ်စစ်မရရှိသေးပါ။

(ဂ) ဆက်သွယ်ရေး၊ သတင်းနှင့် နည်းပညာဆိုင်ရာ အခြေခံအဆောက်အဦ

ကျေးရွာအတွင်း Mytel နှင့် Atom ဆက်သွယ်ရေးတိုင်များ စိုက်ထူဆက်သွယ်၍ ၎င်းကြိုးဖြင့် Wifi များဖြင့် ပြည်တွင်းပြည်ပသတင်းများကို အချိန်နှင့်တပြေးညီ သိရှိနေပါသည်။

၇။ ပညာရေး

သိမ်ကန်ကျေးရွာ အမကမူလွန်ကျောင်းတွင် RC ကျောင်းဆောင် (၁)ဆောင် RC ၆၀'x၃၀' တစ်ထပ် (၁)ဆောင်၊ ရေသန့်စင်စက်ရေတင်ပြီးရေလှောင်ကန် (၁)ကန်နှင့် RC ၂ခန်းတွဲ အိမ်သာ (၈)ဆောင်ရှိပြီး မူလတန်းမှ (၇)တန်းအထိ ကျောင်းသား/သူ (၇၀)ကျော် ပညာသင်နေပြီး ကျောင်းဆရာ(၅)ဦး၊ ဆရာမ (၄)ဦး၊ ကျောင်းစောင့် (၁)ဦး ၊ ဥယျာဉ်မှူး (၁)ဦး၊ ရေမောင်း (၁)ဦး၊ ကျောင်းအကူ (၁)ဦးတို့ဖြင့် ဖွဲ့စည်းထားပါသည်။

၈။ ကျန်းမာရေး

(က) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှု ရရှိမှုအခြေအနေ

ကျေးရွာအတွင်း ယင်လုံအိမ်သာ၊ ရေလောင်းအိမ်သာများသုံးစွဲခြင်း၊ ခြံဝန်းကျယ်၍ သစ်ရွက်များ မီးရှို့သိမ်းဆည်းခြင်း၊ ပလတ်စတစ်များအား စနစ်တကျစွန့်ပစ်ခြင်း (ဝဲတဲများကိုရောင်း) လမ်းများ၏ဝဲယာရေနုတ်မြောင်းများထားရှိခြင်း။

(ခ) သောက်သုံးရေရရှိမှုနှင့် သန့်ရှင်းရေး

သောက်ရေကန်များခြံခတ်ခြင်း၊ စက်ရေတွင်းလက်တူးတွင်းများ သုံးစွဲခြင်းကြောင့် သောက်ရေကန်များအတွင်း ကြက်ငှက်ဝက်နွားများ မဆင်းသည့်အတွက် သောက်သုံးရေကန်များ သန့်ရှင်းစွာ သောက်သုံးရခြင်း။

အထက်ပါအချက်များကို ထောက်ရှုခြင်းကြောင့် ကလေးများကျောင်းတွင် ပညာကို ပျော်ရွှင်စွာ သင်ကြားရခြင်း၊ ဆေးရုံဆေးခန်းဆရာဝန်၊ ဆရာမများ အရန်သင့်ရှိနေသောကြောင့် နေမကောင်းသူများကို အချိန်မီကုသနိုင်ခြင်း။

သစ်ရွက်အမှိုက်များကို မရှုပ်ခြင်း၊ ယင်လုံအိမ်သာသုံးစွဲခြင်း၊ ရေလောင်းအိမ်သာသုံးစွဲခြင်း၊ ရေနုတ်မြောင်းများရှိ၍ ရေဆိုး၊ ရေပုတ်များ ရှာတွင်းမရှိ၍ ခြင်၊ ယင်၊ ရေပုတ်များကင်းရှင်းသောကြောင့် ကျန်းမာရေးအတွက် ကောင်းမွန်ခြင်းစသော ကောင်းခြင်း အဖြာဖြာနှင့် ပြည့်စုံသော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။

၉။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ပြုစုခြင်း

(က) ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများ ထိန်းသိမ်းကာကွယ်ခြင်း

သိမ်ကန်ကျေးရွာတွင် စပါးနှင့်ပဲအမျိုးမျိုးစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတု မြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာ အရည်အသွေး ကျဆင်းလာနိုင်ပါသည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလစတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျစုစည်းသိမ်းဆည်းစေခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေပြန်လည်ရရှိအောင် ဆောင်ရွက်စေခြင်း၊ အမှိုက်အမျိုးအစားခွဲခြား၍ အမှိုက်အမျိုးအစား အလိုက်ပြန်လည်အသုံးဝင်အောင် စီမံဆောင်ရွက်စေခြင်း၊ မီးရှို့ဖျက်ဆီးစေခြင်းတို့ကို စနစ်တကျ စွန့်ပစ်နိုင်ရေးအတွက် ကျေးလက်ဦးစီးဌာနမှ အမှိုက်သိမ်းဆည်းခြင်းစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါသည်။

(ခ) သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲခြင်း

သိမ်ကန်ကျေးရွာအုပ်စုတွင် လူထုအခြေပြုသဘာဝဘေးအန္တရာယ် လျော့ချရေး အစီအစဉ်များ ဆောင်ရွက်နိုင်မှုမရှိသေးပါ။ ကျေးရွာသည် တရားဥပဒေစိုးမိုးမှုရှိပြီး တည်ငြိမ်အေးချမ်းမှုရှိသောကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုမှာ အဆင်ပြေချောမွေ့လျက်ရှိပါသည်။ မှုခင်းများကာကွယ် တားဆီးရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အခါအားလျော်စွာ မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲများအား (၁)နှစ် (၁)ကြိမ် ဟောပြောပြုလုပ်ပေးလျက်ရှိပါသည်။

၁၀။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာအတွင်းနေထိုင်ကြသော အမျိုးသား၊ အမျိုးသမီးသည်ပညာတတ် မိသားစုမှ ပေါက်ဖွားလာသော သားသမီးများဖြစ်၍ ဥစ္စာရှိမှု၊ ဥစ္စာမရှိမှုသာကွာပြီးပရဟိတ (ခ) နာရေးကူညီမှုအသင်း၊ ဆွမ်းလောင်းဝတ်အသင်း၊ လူမှုကူညီမှုအသင်းများတွင် လူတန်းစားမခွဲခြားဘဲ လက်ပွန်းတစ်တီး ပူးတွဲဆောင်ရွက်နေကြသော အဖွဲ့ဝင်များ များသဖြင့် တစ်ဦးနှင့်တစ်ဦး အမြင်ကွဲလွဲမှု၊ ပရိပက္ခမှုများမရှိကြဘဲ ရပ်ရွာအကျိုးကို ညီကိုမောင်နှမစိတ်ဖြင့်မိသားစု စိတ်မွေးကာ တက်ညီလက်ညီ ဆောင်ရွက်နေကြပါသည်။

ပဲခူးတိုင်းဒေသကြီးပဲခူးခရိုင်၊ဝေါမြို့နယ်
သိမ်ကန်ကျေးရွာ–ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးခင်ကျော်	ဦးခင်ကြွယ်	၇/ပမန (နိုင်)ပဖ၅၆၂၄၅	၆၉	ဥက္ကဋ္ဌ	၀၉-၆၈၉၂၆၆၁၆၄
၂	ဦးတင်နိုင်	ဦးကြီးငွေ	၇/ဝမန (နိုင်)ပ၂၈၄၄၆	၅၄	အတွင်းရေးမှူး	၀၉-၆၆၆၉၉၁၄၉
၃	ဦးမောင်ဝင်း	ဦးထွန်းမောင်	၇/ပမန (နိုင်)ပဖ၅၄၅၃	၆၁	ဘဏ္ဍာရေးမှူး	၀၉-၆၆၈၇၉၉ပ၂ပ
၄	ဦးကြည်လွင်	ဦးသောင်းဟန်	၇/ပမန (နိုင်)ပ၁၇၅၉၁	၅၄	အဖွဲ့ဝင်	၀၉-၇၇၄၉၅၇၅၁၂
၅	ဒေါ်ခင်အေး	ဦးကြည်ရွှေ	-	၅၆	အဖွဲ့ဝင်	-
၆	ဒေါ်ဝါဝါမြင့်	ဦးလွန်းမောင်	၇/ဝမန (နိုင်)ပဖ၄၄၉၅	၅၄	အဖွဲ့ဝင်	-
၇	ဒေါ်မူမူမြင့်	ဦးဖိုးဆိတ်	၇/ပမန (နိုင်)၁၂ပ၁၈၆	၅၂	စာရင်းကိုင်	-

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၅	၆	၁၁		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၀	၁၅	၂၅		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၅	၂၀	၃၅		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၃၀	၂၀	၅၀		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၀၀	၉၀	၁၉၀		
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၃၀	၄၀	၇၀		
စုစုပေါင်း						
စုစုပေါင်း အိမ်ထောင်စု						

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စုခန့်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ ကူညီထောက်ပံ့မှုရှိပါသော်လည်း အသက်(၈၀)ကျော်မှသာထောက်ပံ့မှုရှိခြင်း၊ မသန်စွမ်းသက်ကြီးရွယ်အိုများအား မိသားစုအစီအစဉ်ဖြင့် ထောက်ပံ့လျက်ရှိပါသည်။ ကျေးရွာတွင် အခြေတကျနေထိုင်သူများ၍ ရွှေ့ပြောင်းနေထိုင်သူ မရှိကြောင်း တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ေျာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း	၄၀	၂	၅	၁၀၀	၆၀		မြင့် ☑ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃၀	၂		၂၀	၂၀		မြင့်☐ လတ်☑ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၀	၁		၄၅	၅၀		မြင့်☐ လတ်☑ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ေျာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၀	၁		၃၃	၄၃		မြင့် ☐ လတ်☐ နိမ့် ☑
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	လက်လီ– လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင်လုပ်ငန်း	၅	၁		၁၃	၁၆		မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင်လုပ်ငန်း	၁၀	၁		၅	၅		မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ေျာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	ပညာရေး							
	ကိုယ်ပိုင် လုပ်ငန်း	၂	၁		၂	၃		မြင့် ☐ လတ်☐ နိမ့်☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	လူမှုရေး လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား							☒
၂၁	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို ေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း	၃	၃					မြင့် ☐ လတ်☐ နိမ့် ☑
	စုစုပေါင်း	၇၆	၁၁၉				၃၅	☒

မှတ်ချက်။။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”**ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - **“စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကအသက်မွေးဝမ်းကျောင်းပြုကြပြီး အခြားဝင်ငွေရလုပ်ငန်းများဖြစ်ကြသည့် ကျပန်း/ရောင်းဝယ်ရေးများတွင်လည်းလုပ်ကိုင် ကြပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား
ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၅၀၀၀	၁၀၀၀၀	၁၂၀၀၀	၈၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၂၀၀၀၀	-	၁၂၀၀၀	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	လခ စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။
မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)
(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)
လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းအဓိကလုပ်ကိုင်ပြီး အလုပ်သမားလုပ်အားခ များအနေဖြင့် အမျိုးသား/သမီး အနည်းငယ်ကွာဟမှုရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများအနေဖြင့် လုပ်အားခတိကျ သတ်မှတ်မှုမရှိပါ မိမိလုပ်ကိုင်နိုင်လျှင် နိုင်သလောက် လုပ်အားခ ရရှိကြပါသည်။ စက်ရုံအလုပ်ရုံ (ပိုက်စက်ရုံ၊ ပလပ်စတစ် ပစ္စည်းစက်ရုံ)များတွင် အမျိုးသား/အမျိုးသမီးလုပ်အားခ တန်းတူညီမျှမရှိခြင်းများကိုလေ့လာ တွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ
(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ
ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)
လယ်မြေ	၃၀၅	ကောင်း ☐ သင့်☑ ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐ သင့်☐ ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐ သင့်☐ ညံ့ ☐
ကိုင်း/ကျွန်းမြေ(ကျွန်းမျှော)		ကောင်း ☐ သင့်☐ ညံ့ ☐
ခနိတောမြေ		ကောင်း ☐ သင့်☐ ညံ့ ☐
စားကျက်မြေ		ကောင်း ☐ သင့်☐ ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐ သင့်☐ ညံ့ ☐
စုစုပေါင်း	၃၀၅	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာ မြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသာအဓိကလုပ်ကိုင် ကြသဖြင့် အခြားဝင်ငွေရလုပ်ငန်းလုပ်ကိုင်သူများ အနည်းငယ်သာရှိပါသည်။ စိုက်ပျိုးမြေကိုသာ အဓိကထားပိုင်ဆိုင်ကြပြီး မြေဆီလွှာအရည်အသွေးမှာ သင့်အနေအထား ရှိပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ
ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐မရှိ ☑	လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☐

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☐မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☑မရှိ ☐	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ - မြေပေါ်ရေ (အင်းအိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☑ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ အနီးနားပတ်ဝန်းကျင်တွင် သတ္တုနှင့်အခြားတွင်းထွက်ပစ္စည်းများမရှိပါ။ မြေပေါ်ရေနှင့် မြေအောက်ရေ ၏ အရင်းအမြစ်များသည်ကျေးရွာအနေဖြင့် အသုံးချနိုင်မှုရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိေသာအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၂၀	၂၅	၂၀	၂၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။
လေ့လာတွေ့ရှိချက်။ ။အိမ်ထောင်စုများသည် ကျပန်းလုပ်ကိုင်ဆောင်ရွက်နေကြပြီး အလုပ်ကိုင်အခွင့်အလမ်းနည်းပါးခြင်း ကုန်ဈေးနှုန်းကြီးမြင့်ခြင်းနှင့် ကျေးရွာမှ အိုးမကွာအိမ်မကွာလုပ်ကိုင်ဆောင်ရွက်နေခြင်းများကြောင့် ဝမ်းစာဖူလုံမှုနည်းပါးရခြင်းဖြစ် သည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃လနှင့်ဖြလကြားဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
ဖြလမှ၁၂လအထိဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဥစ္စာဓနအဆင့်(၄) (၁၃)အုပ်စုနှင့် ဥစ္စာဓနအဆင့်(၃)လည်း အိမ်ထောင်စု (၃၁)စုရှိပါသည်။ ကျေးရွာတွင် ဝမ်းစာဖူလုံမှုအခြေအနေ စစ်တမ်းကောက်ယူရာတွင် အလုပ်အကိုင် အခွင့်အလမ်းများနည်းပါးသည့်ကျေးရွာဖြစ်သဖြင့် အဆိုပါအိမ်ထောင်စုများသည် ဝမ်းစာဖူလုံရန်အတွက် အခက်အခဲရှိကြောင်းတွေ့ရှိရပါသည်။ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများ နှင့် ဥစ္စာဓနအဆင့် (၃)နှင့် (၄)အိမ်ထောင်စုများ ၏ ဝမ်းစာဖူလုံမှုမရှိ၍ အစားအသောက်လျော့စားရသည့် အခြေအနေများရှိခဲ့ပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	-		

အကြောင်းအရာ	ကျား	မ	ပေါင်း
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု	_		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောသက်ကြီးရွယ်အိုများ မသန်စွမ်းပုဂ္ဂိုလ်များအတွက် ကျေးရွာမှ ခက်ခဲသောမိသားစုများအား ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေထဲမှ ကူညီထောက်ပံ့မှုရှိခဲ့ပါသည်။ ပညာရေး၊ကျန်းမာရေး၊ သာရေး/နာရေးများအတွက် ဆင်းရဲ၍ ခက်ခဲသော ကျောင်းသူ/သားများ မသန်စွမ်းပုဂ္ဂိုလ်များအတွက် ကူညီထောက်ပံ့နိုင်ရေး ကျေးရွာမှ ထောက်ပံ့ဆောင်ရွက်လျက်ရှိသည်။

(c-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု			✓	✓		
၂	လျှပ်တပြတ်ရေကြီးခြင်း			✓	✓		
၃	မုန်တိုင်းဒီရေ		✓		✓		
၄	ဆူနာမီ		✓		✓		
၅	တိုင်ဖုန်းမုန်တိုင်း	✓			✓		
၆	လေဆင်နှာမောင်း	✓			✓		
၇	ငလျင်	✓			✓		
၈	အပူလှိုင်း		✓		✓		
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု		✓			✓	
၁၀	အအေးလှိုင်း				✓		
၁၁	မိုးသီးကြွေကျမှု	✓			✓		
၁၂	မိုးခေါင်ခြင်း	✓				✓	
၁၃	တောမီးလောင်ခြင်း	✓					✓
၁၄	မြစ်ကမ်းပါးပြိုခြင်း	✓					✓
၁၅	ကမ်းရိုးတန်းတိုက်စားမှု	✓					✓
၁၆	မြေပြိုခြင်း		✓				✓
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု		✓			✓	
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	✓					✓
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	✓					✓
၂၀	သစ်တောပြုန်းတီးခြင်း	✓					
၂၁	ငှက်ဖျားရောဂါ		✓				
၂၂	တီဘီရောဂါ		✓				

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✓					✓
၂၄	ကပ်ရောဂါ	✓					✓
၂၅	ပြည်တွင်းပဋိပက္ခ	✓					✓
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု		✓			✓	
၂၇	လူကုန်ကူးခြင်း	✓					✓
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်	✓					✓

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။
မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။ အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် - နိမ့်အိမ်ထောင်စု ၁၀၀ တွင် ၂၅မှ၅၀အိမ်ထောင်စု - လတ်၊ အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဖြစ်လေ့ဖြစ်ထရှိသော သဘာဝဘေးအန္တရာယ်မရှိခဲ့ပါသော်လည်း လူကြောင့် ဖြစ်တတ်သော ဘေးအန္တရာယ်များကို လျော့ချနိုင်ရေးအတွက် ကြိုတင်စီမံချက်များ ချမှတ်လေ့ကျင့် ရေးဆွဲထား သင့်ပါသည်။ ကျေးရွာသည် အိမ်ခြေသည် အိမ်ခြေစိပ်သောကြောင့် မီးဘေးအန္တရာယ် ကြိုတင်ကာ ကွယ်နိုင်ရေး တုန့်ပြန်မှုအားကောင်းသော အဖွဲ့အစည်းများရှိခဲ့ပါသည်။

(၈-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ
ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✓					✓
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု	✓					✓
၃	ဆင်းရဲသားတောင်သူ		✓			✓	
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	✓					✓
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ		✓			✓	
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	✓					✓
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	✓					✓

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၈	မြေနိမ့်ပိုင်းနေထိုင်သူများ		✓				✓
၉	ငါးကန်ပိုင်ရှင်များ	✓					✓
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ			✓	✓		
၁၁	လူနည်းစုလူမျိုးများ	✓					✓
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	✓					✓
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	✓					✓
၁၄	ရွှေတွင်းလုပ်သားများ	✓					✓
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ		✓			✓	
၁၆	နေရပ်ပြန်အခြေချသူများ	✓					✓
၁၇	ရွှေ့ပြောင်းလုပ်သားများ	✓					✓
၁၈	ကားမောင်းပြီးအသက်မွေးသူများ		✓			✓	

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက လက်လုပ် လက်စားများ ၊ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများ၊ ဆင်းရဲတောင်သူများအုပ်စုသည် ထိခိုက်သက်ရောက်မှုအမြင့်ဆုံးခံရနိုင်သည့်အုပ်စု ဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ်ကြုံတွေ့လာပါက ထိခိုက်လွယ်အုပ်စုများအား အချိန်မီ ကူညီထောက်ပံ့နိုင်ရေး ကျေးရွာတွင်းရန်ပုံငွေတစ်ရပ်စီစဉ်၍ ကူညီထောက်ပံ့သွားပါမည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	စိတ္တသုခ	၁□ ၂□ ၃□				ပညာရေး□ ဌေကြေး□ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၂	ရပ်မိရပ်ဖ	၁□၂☑၃□	၁၅	၇	၂၂	ပညာရေး☑ငွေကြေး☑ ကျန်းမာရေး☑ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☑ သင့်□ ညံ့□
၃	စာသင်ကျောင်းကော်မတီ	၁□၂□၃□				ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၄	ဆွမ်းလောင်းဝတ်ကျောင်း	၁□၂□၃□				ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၅	ရေကော်မတီ	၁□၂□၃□				ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၆	ရပ်ရွာစည်ပင်သာယာရေးအဖွဲ့	၁□၂□၃□				ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၇	အမျိုးသမီးအဖွဲ့	၁□၂□၃□				ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ ကျား	မ	ပေါင်း	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၈	ဓမ္မစကြ်ာအဖွဲ့	၁□၂□၃□				ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းဖွဲ့စည်းထားသည့် အဖွဲ့အစည်းများဖြစ်ကြသော အုပ်ချုပ်ရေးအဖွဲ့၊ မီးလင်းရေး၊ ရေကော်မတီ၊အမျိုးသမီးများအဖွဲ့၊လူငယ်အဖွဲ့၊VRFP ကော်မတီ၊ဓမ္မစကြ်ာအဖွဲ့များ စနစ်တကျ ဖွဲ့စည်းဆောင်ရွက်ထားရှိပြီး ဆောင်ရွက်ရန်လိုအပ်လာပါက တစ်စည်းတစ်လုံးတည်းတက်တက်ကြွကြွ ဆောင်ရွက်လျက်ရှိပြီး ရေရှည်တွင်လည်း ပိုမိုအားကောင်းသော အဖွဲ့အစည်းများဖြင့် ဖွံ့ဖြိုးရေးလုပ်ကိုင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	ပုဂ္ဂလိကအဖွဲ့အစည်း	၁□၂□၃□၄□၅□၆□၇☑	ပညာရေး☑ငွေကြေး☑ ကျန်းမာရေး☑ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑
၂	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၃	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၄	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာ တစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အ ထက်ရွေးနိုင်သည်)
			စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၅	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၆	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။
မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။နီးစပ်ရာကျေးရွာသို့ လာရောက်ချေးပေးရာတွင် ကျေးရွာတွင်းမှ အချို့သောအိမ်ထောင်စု အနည်းငယ်သာချိတ်ဆက်၍ ချေးငွေများယူလျက်ရှိပါကြောင်းတွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအ ရေအတွက်	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၄၀		မြေမဲ့ယာမဲ့
၂	၂.၅ကေအောက်	၁၀		ဆင်းရဲသားတောင်သူ

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၃	၂.၅ကေမှ၅ကေကြား			တောင်သူငယ်
၄	၅ကေမှ၁၂.၅ကေကြား	၁၀		တောင်သူလတ်
၅	၁၂.၅ကေအထက်	၂၀		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၈၀		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကအသက်မွေးဝမ်းကျောင်းပြုကြပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဇရိယာ
ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဇရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၆	လက်ဝင်ရေတွင်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၈	ချောင်းရေ	-	တစ်နှစ်ပတ်လုံး☑ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ☑မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ☑

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ကျေးရွာစိုက်ပျိုးရေးအတွက် ဆည်ရေအား အဓိကထားအသုံးပြုသော်လည်း နွေရာသီတွင် ရေလုံလောက်မှုမရှိပါ။ တစ်နှစ်ပတ်လုံးရေရရှိရေးအတွက် ဆည်ရေးရရှိရေးအတွက် ဦးစားပေးစီမံချက်တွင် ထည့်သွင်းဖော်ပြထားပြီးဖြစ်ပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
မိုးစပါး	၃၀၅	တင်း	၉၀	၁၀၀	၈၅	၆	၁၀	မြင့်□လတ်☑ နိမ့်□	မြင့်□လတ်☑ နိမ့်□	မြင့်□လတ်☑ နိမ့်□
								မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□
								မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□
								မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□
								မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□
								မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ များပြားပြီး စိုက်ပျိုးသီးနှံများ၏ အထွက်နှုန်းမှာ အသင့်အတင့် ကောင်းမွန်ပါသည်။သွင်းအားစုများဖြစ်သည့် မြေဩဇာ/ပေါင်းသတ်ဆေး စသည်တို့လည်း လိုအပ်ချက်ရှိပါသည်။ သီးနှံအထွက်နှုန်းအနေဖြင့် အသင့်အတင့်ကောင်းမွန် သော်လည်း ကျေးရွာတွင်း လာရောက်ဝယ်ယူသည့် ဒိုင်များတွင်သာ စျေးကွက်မကောင်းဘဲ ချက်ချင်းရောင်းချရသဖြင့် အမြတ်ငွေရရှိမှု နည်းပါးကြောင်း တွေ့ရှိရပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	-	-	-	-
လက်တွန်းထွန်စက်	၁၀	-	-	-
အစေ့ချကိရိယာ	-	-	-	-
ရိတ်သိမ်းခြွေလှေ့စက်	-	-	-	-
ရိတ်သိမ်းစက်	-	-	-	-

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ခြွေလှေ့စက်	-	-	-	-
ရေစုပ်စက်	၃	-	-	-
ခြေနင်းရေတင်စက်	-	-	-	-
မြက်ရိတ်စက်	၁၃	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများရှိသဖြင့် စိုက်ပျိုးရေးသုံး ခေတ်မီစက်များပိုင်ဆိုင်မှု မရှိပါသဖြင့် ငှားရမ်းအသုံးပြုရပါသည်။ လက်ရှိတွင် ဓါတ်ဆီဈေးများ မြှင့်တက်မှုများကြောင့် ထွန်ယက်စရိတ်များမြင့်မားလာ၍ စက်မှုလယ်ယာဦးစီးဌာနမှ တင့်တင့်သော ဈေးနှုန်းများဖြင့် ငှားရမ်းထွန်ယက်နိုင်ပါက ကျေးရွာအိမ်ထောင်စုများ အဆင်ပြေနိုင်ပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ
ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း☐ကောင်း☑ သင့်တင့်မျှတ☐ မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း☐ကောင်း☑ သင့်တင့်မျှတ☐ မဖြေဆိုပါ☐
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်☐ရသည်☑မဖြေဆိုပါ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☑ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☐ မဖြေဆိုပါ☐
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်☐ရနိုင်သည်☑မဖြေဆိုပါ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ☐
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ သီးနှံများကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ☐
ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊ မိုးရေချိန်)	ထိခိုက်သည်☑ မထိခိုက်ပါ ☐ မဖြေဆိုပါ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။
လေ့လာတွေ့ရှိချက်။ **ကျေးရွာစိုက်ပျိုးသီးနှံများ** အထွက်နှုန်းတိုးစေရန်အတွက် သွင်းအားစုများဖြစ်သည့် စပါးမျိုးကောင်းမျိုးသန့်များဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူအသုံးချနိုင်လျှင် သီးနှံအထွက်နှုန်း တိုးရန် အခက်အခဲများဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ ရာသီဥတုပြောင်းလဲမှုများကြောင့်လည်း သီနှံအထွက်နှုန်း ထိခိုက်မှုရှိပါသည်။

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း☑ ရာသီဥတုမမှန်☑မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☑ လယ်ယာမြေဆုံးရှုံးမှုများသည်☐ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်☐ ပလပ်မြေများရှိသည်☐ ပလပ်မြေအသင့်အတင့်ရှိသည်☐မဖြေဆိုပါ☐
စိုက်ပျိုးရေအရင်းအမြစ်	အလွယ်တကူမရနိုင်☑လုံးဝမရ☐ မဖြေဆိုပါ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ☑
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ☑
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ☑
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ☑
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ☑
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ☑
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ☐ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ☐မဖြေဆိုပါ☑
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ☐အသင့်အတင့်ကျ☐ အနည်းငယ်☑မဖြေဆိုပါ☐
ရာသီဥတုဒဏ်ခံနိုင်သည့်သီးနှံများနှင့်ပတ်သက်သောသတင်းအချက်အလက်လက်လှမ်းမီမှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☐မဖြေဆိုပါ☑
ရာသီအလိုက်ရာသီဥတုခန့်မှန်းချက်များနှင့်သီးနှံစီမံခန့်ခွဲမှုဆိုင်ရာအကြံဉာဏ်များလက်လှမ်းမီမှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☐မဖြေဆိုပါ☑

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် စိုက်ပျိုးရေးနှင့်ပတ်သက်၍ ပြဿနာနှင့် အခက်အခဲမှာ စိုက်ပျိုးရေးအရင်းအမြစ်အလွယ်တကူမရရှိခြင်းကြောင့် လယ်ယာမြေများ တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ခြင်းမရှိဘဲ မိုးရာသီတွင်သာ စိုက်ပျိုးနိုင်ခြင်းဖြစ်ကြောင်းတွေ့ရှိရပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း
(၁) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	-	-
နို့စားနွား	-	-
ကျွဲ	-	-
မြင်း	-	-
မြည်း	-	-
လား	-	-
ဆိတ်	၁	၁၂
သိုး	-	-
ဝက်	၂၀	၅၃
ကြက်	၃	၇၀၀
ဘဲ	၂	၁၀
နွားနောက်	-	-
ငါးလုပ်ငန်း		
ငါးကန်	-	-
ပုဇွန်ကန်	-	-
ဂဏန်းမွေးမြူရေးလုပ်ငန်း	-	-
ရေချိုငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန်ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် မွေးမြူရေးလုပ်ငန်းများဖြင့် စီးပွါးဖြစ်လုပ်ကိုင်ဆောင်ရွက်သည့် အိမ်ထောင်စုအရေအတွက်နည်းပါးပြီး တစ်ပိုင်တစ်နိုင်လုပ်ငန်း၊ လယ်ယာမဲ့အိမ်ထောင်စုများပြားသဖြင့် ကျပန်းအလုပ်များကိုသာ အဓိကထား လုပ်ကိုင်ကြပါသည်။

ဇယား (၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

